# ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် DDR/SSR၏အခန်းကဏ္ဍ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်


**အကျဉ်းချုပ်**

ကမ္ဘာ့နိုင်ငံအချို့တွင် အကြောင်းရင်းခံအမျိုးမျိုးကြောင့် ပြည်တွင်းပဋိပက္ခများ ဖြစ်ပွားကာ နည်းလမ်းမျိုးစုံသုံး၍ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်လျက်ရှိကြသည်။ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား သိရှိထားရန်လိုအပ်ပါသည်။ နိုင်ငံတော်၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအားဖော်ဆောင်ရာတွင် အဆိုပါငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို သိရှိလေ့လာနိုင်စေရန်ရည်ရွယ်၍ လက်လှမ်းမီသလောက် စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ ဤစာတမ်းတိုတွင် ငြိမ်းချမ်းရေး၏အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ငြိမ်းချမ်းရေး၏ယဉ်ကျေးမှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ၊ Disarmament, Demobilizaion and Reintegration (DDR) လုပ်ငန်းစဉ်၊ လုံခြုံရေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲခြင်း Security Sector Reform (SSR) နှင့် ပညာရှင်တို့၏သုံးသပ်ချက်များပါဝင်ပါသည်။


သုတေသနစာတမ်းတိုအမှတ် ( ၃၂ )


ရေးသားပြုစုသူ- ဦးထက်ဆွေဦး(လ/ထ ညွှန်ကြားရေးမှူး)

ဒေါ်သန္တာစိုးစိုးအောင် (ဦးစီးအရာရှိ)

# မာတိကာ


၁။ နိဒါန်း…………………………………………………………… ၃

၂။ ငြိမ်းချမ်းရေး၏အဓိပ္ပါယ်ဖွင့်ဆိုချက်…………….......................... ၃

၃။ ငြိမ်းချမ်းရေး၏ယဉ်ကျေးမှု…………………………………………… ၄

၄။ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ………………………….. ၆

၅။ DDR လုပ်ငန်းစဉ်(DDR Process)…………………………………. ၇

၆။ DDR လုပ်ငန်းစဉ်အပေါ်စောင့်ကြည့်အကဲဖြတ်ခြင်း………………… ၁၂

၇။ လုံခြုံရေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲခြင်း(Security Sector Reform-SSR)….. ၁၄

၈။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်မှုအပေါ်သုံးသပ်ချက်များ……………………… ၁၆

၉။ နိဂုံး…………………………………………………………... ၁၉

## နိဒါန်း

၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ရှုပ်ထွေးပြီးသိမ်မွေ့နက်နဲပါသည်။ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းသည် စစ်ပွဲဆင်နွှဲခြင်းထက်ပိုမိုခက်ခဲကြောင်း ပညာရှင်များကသုံးသပ်ခဲ့ကြပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်သည် အခြေအနေအချိန်အခါ၊ နောက်ခံအကြောင်းအချက်များနှင့် နေရာဒေသများအပေါ်မူတည်၍ ကွဲပြားမှုများရှိနိုင်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လက်နက်ဖြုတ်သိမ်းခြင်း (Disarmament)၊ တပ်ဖွဲ့များဖျက်သိမ်းခြင်း (Demobilization) ၊ ပြန်လည်ပေါင်းစည်းခြင်း (Reintegration) ဆိုသည့် DDR လုပ်ငန်းစဉ်နှင့် လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲခြင်း (Security Sector Reform) (SSR) လုပ်ငန်းစဉ်များသည် အရေးကြီးသောလုပ်ငန်းစဉ်များဖြစ်ပါသည်။ (နောင်တွင် DDR နှင့် SSR ဟုဖော်ပြသွားပါမည်။) ဤစာတမ်းတိုတွင် အဆိုပါလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် အချက်အလက်များကို ရေးသားဖော်ပြထားပါသည်။

### ငြိမ်းချမ်းရေး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

၂။ ငြိမ်းချမ်းရေးဆိုသည်မှာ စစ်ပွဲများနှင့်ဆူပူမငြိမ်မသက်မှုများကင်းဝေးပြီး လူများအကြားပဋိပက္ခများမရှိဘဲ ပျော်ရွှင်စွာအတူယှဉ်တွဲနေထိုင်ခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုကြပါသည်။[၁] အတူတကွယှဉ်တွဲနေထိုင်မှု၊ အတွင်းစိတ်တည်ငြိမ်အေးချမ်းမှု၊ ထိပ်တိုက်ရင်ဆိုင်အင်အားသုံးခြင်းမှကင်းဝေးခြင်းတို့သည် ငြိမ်းချမ်းရေး၏ အနှစ်သာရများပင်ဖြစ်ပါသည်။

၃။ ငြိမ်းချမ်းရေးသုတေသီတစ်ဦးဖြစ်သူ Johan Galtung က ဆေးပညာနယ်ပယ်တွင် ရောဂါဘယသည် ကျန်းမာရေး၏ဆန့်ကျင်ဘက်ဖြစ်သည်ဟူသော သတ်မှတ်ချက်ကို နမူနာယူပြီး ငြိမ်းချမ်းရေးသုတေသနနယ်ပယ်တွင် အကြမ်းဖက်မှုအား ငြိမ်းချမ်းရေး၏ ရန်သူအဖြစ်သတ်မှတ်ခဲ့သည်။ လူ့အဖွဲ့အစည်းအလွှာအသီးသီးတွင် အသွင်အမျိုးမျိုးနှင့် ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများလျှော့ချခြင်းကို Negative Peace ဟုသတ်မှတ်ကြပါသည်။ ငြိမ်းချမ်းရေးဆိုသည့်အဓိပ္ပါယ်အား လျှော့ချခြင်းအသွင် Negative Peace ဟု သတ်မှတ်မှု

[၁] https://dictionary.cambridge.org/dictionary/english/peace (Access date 6.8.2018)

များရှိသကဲ့သို့ Positive Peace အဖြစ် ငြိမ်းချမ်းရေးဆိုသည်မှာ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ သွေးစည်းမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ တွေ့ဆုံဆွေးနွေးမှုနှင့် အခြေခံလူသားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှုစသည့် အချက်များပါဝင်သည့် State of Harmony အဖြစ်လည်း သတ်မှတ်ထားပါသည်။[၂]

**ငြိမ်းချမ်းရေး၏ယဉ်ကျေးမှု**

၄။ ငြိမ်းချမ်းရေး၏ယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံများနှင့်အဖွဲ့အစည်းများအကြား ပဋိပက္ခများအား ရှောင်လွှဲနိုင်ရန်အတွက် ပဋိပက္ခ၏အခြေခံအကြောင်းတရားကိုရှာဖွေပြီး လူသားတန်ဖိုးကိုအလေးထားခြင်း၊ အတွေးအမြင်များကိုအသိအမှတ်ပြုခြင်း၊ စရိုက်လက္ခဏာများအားလေးစားခြင်းစသည့် အချက်များအပေါ်အခြေခံကာ ဆွေးနွေးညှိနှိုင်းခြင်းအလေ့အထဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။[၃]

၅။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ငြိမ်းချမ်းရေး၏ယဉ်ကျေးမှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် ၁၉၉၂ ခုနှစ်တွင်စတင်ဆောင်ရွက်ခဲ့ပြီး UNESCO ၏ ငြိမ်းချမ်းရေးယဉ်ကျေးမှုအစီအစဉ်အား စတင်အကောင်အထည်ဖော်ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၀ ပြည့်နှစ်အား အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးယဉ်ကျေးမှုနှစ်အဖြစ်သတ်မှတ်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် ငြိမ်းချမ်းရေးယဉ်ကျေးမှုဖော်ဆောင်ရေးကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကြေညာစာတမ်းတွင် အောက်ပါအချက်များပါဝင်ပါသည်-

(က) ပညာရေးမြှင့်တင်ပေးခြင်းဖြင့် ငြိမ်းချမ်းရေးယဉ်ကျေးမှုဖော်ဆောင်ခြင်း၊

(ခ) လူမှုစီးပွားဘဝရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂ) လူ့အခွင့်အရေးကိုလေးစားတန်ဖိုးထားခြင်း၊

(ဃ) ကျား/မတန်းတူညီမျှမှုရှိခြင်း၊

(င) ဒီမိုကရေစီအလေ့အထများဖွံ့ဖြိုးရေး၊

(စ) အပြန်အလှန်နားလည်မှု၊ သီးခံမှုနှင့် ညီညွတ်မှုအလေ့အထများထွန်းကားရေး၊

---

[၂] ခင်မမမျိုး၊ စစ်ပွဲ၊ပဋိပက္ခနှင့်ငြိမ်းချမ်းရေးစာစုများ။ ရန်ကုန်၊ပန်းကြာဖြူပုံနှိပ်တိုက်၊၂၀၁၄၊ ၂

[၃] https://internationaldayofpeace.org/culture-of-peace/ (Access Date 6.8.2018)

(ဆ) သတင်းအချက်အလက်၊ ဗဟုသုတနှင့် ဆက်သွယ်ရေးလွတ်လပ်ခွင့်၊

(ဇ) အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေး။

၆။ ထို့အပြင် ၂၀၀၀ပြည့်နှစ်၊ ငြိမ်းချမ်းရေးယဉ်ကျေးမှုကြေညာချက်အား "ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ၊ မိသားစု၊ အလုပ်၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတို့တွင် အောက်ပါယဉ်ကျေးမှုများ ထွန်းကားစေရမည်" ဟူသော ကြွေးကြော်သံကို အခြေခံကာ ထုတ်ပြန်ကြေညာခဲ့သည်-

(က) လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့်ဘဝရပ်တည်မှုအား ခွဲခြားခြင်းအလျဉ်း မရှိစေရ၊

(ခ) အကြမ်းမဖက်ရေးလမ်းစဉ်နှင့်အတူ ကိုယ်ကာယပိုင်း၊ လိင်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ၊ စီးပွားရေးနှင့်လူမှုရေးပိုင်းတို့တွင် ခွဲခြားခြင်းမရှိစေရန်နှင့် ကလေးသူငယ်၊ လူငယ်လူရွယ်တို့ အခွင့်အရေးအားတန်ဖိုးထားရန်၊

(ဂ) သဘောထားကြီးမြတ်ခြင်းဖြင့် ခွဲခြားဆက်ဆံမှု၊ မတရားမှု၊ နိုင်ငံရေး/ စီးပွားရေးအရ ဖိနှိပ်မှုတို့ကိုအဆုံးသတ်ရန်၊

(ဃ) လွတ်လပ်စွာထုတ်ဖော်ခွင့်၊ ယဉ်ကျေးမှုကွဲပြားခြင်းတို့ကို စောင့်ထိန်းရန်နှင့် တစ်ဖက်စကားကို အလေးထားနားထောင်ရန်၊

(င) သက်ရှိမျိုးစိတ်များဖြစ်တည်မှုနှင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်မှုမြှင့်တင်ရန်၊

(စ) လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးရေး၊ ဒီမိုကရက်တစ်လမ်းစဉ်တွင် အမျိုးသမီးများ အပြည့်အဝပါဝင်နိုင်ရေးနှင့် ကျင့်စဉ်များကို လေးစားတန်ဖိုးထားရန်။

၇။ အဆိုပါကြေညာချက်အား ဘာသာပေါင်း (၅၀) ဖြင့် ပြန်ဆိုထုတ်ဝေခဲ့ပြီး နိုင်ငံ့ခေါင်းဆောင်အများအပြားက အသိအမှတ်ပြုလက်မှတ်ရေးထိုးခဲ့သည်။ [9]

၈။ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်ပတ်သက်၍ နည်းလမ်းတစ်ခုမှာ Shuttle Diplomacy ဖြစ်သည်။ အပြန်အလှန်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းသဘောတရားပင်ဖြစ်ပြီး အဆိုပါ Diplomacy နှင့်ပတ်သက်၍ ဥပမာပုံပြင်တစ်ခုရှိခဲ့ပါသည်။ အဆိုပါပုံပြင်မှာ " အလွန်ချမ်းသာသော

---

[9] https://en.wikipedia.or g/wiki/Culture_of_peace (Access Date 6.8.2018)

သူဌေးကြီးတစ်ဦးတွင် ချောမောလှပသော သမီးတစ်ဦးရှိခဲ့သည်။ အကျိုးဆောင်တစ်ဦးသည် သူ့မိတ်ဆွေဆင်းရဲသားလေးနှင့် အဆိုပါသူဌေးသမီးအား လက်ဆက်စေလိုသည်။ ထို့ကြောင့် အကျိုးဆောင်သည် သူဌေးကြီးထံသို့သွားကာ သူဌေးသမီးနှင့်ဆင်းရဲသားလေးအား လက်ဆက်ပေးစေလိုကြောင်းနားဖောက်သည်။ သူဌေးကြီးသည် ဆင်းရဲသားလေးနှင့်သဘောမတူချေ။ အကျိုးဆောင်က သူ့မိတ်ဆွေသည် ဆင်းရဲသားမဟုတ်ကြောင်း၊ ၎င်းတွင် Swiss Bank Account ရှိကြောင်းပြောကြားခဲ့သည်။ ထိုစဉ်က Swiss Bank Account သည် ငွေကြေးချမ်းသာသူများသာထားရှိနိုင်ရာ သူဌေးကြီးလည်း Swiss Bank Account ရှိလျှင် သဘောတူမည်ဖြစ်ကြောင်း သူဌေးကြီးထံမှ သဘောတူညီမှုရရှိခဲ့သည်။ ထို့နောက် သူဌေးသမီးထံသို့ သွားရောက်ကာ သူဌေးကြီး၏သဘောတူညီမှုရရှိပြီးဖြစ်ကြောင်းပြောပြရာ သူဌေးသမီးကလည်း လက်ခံခဲ့သည်။ ထို့နောက် Swiss Bank သို့သွားရောက်ကာ ဆင်းရဲသားလေးသည် သူဌေးကြီး၏သဘောတူညီမှုဖြင့် သူဌေးသားမက်ဖြစ်တော့မည်ဖြစ်သဖြင့် Account ဖွင့်လှစ်ပေးရန်တောင်းဆိုရာ ဘဏ်မှလက်ခံကာ Account ဖွင့်လှစ်ပေးခဲ့သည်။" အဆိုပါဥပမာသည် Shuttle Diplomacy အတွက် အကောင်းဆုံးဥပမာတစ်ရပ်ပင်ဖြစ်သည်။ မည်သည့်အရာမှ မရှိသည့်အခြေအနေမှ အပြန်အလှန်သဘောတူညီချက်များရရှိအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။[၅]

**ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ**

၉။ ကမ္ဘာနိုင်ငံအချို့တွင် အကြောင်းရင်းခံအမျိုးမျိုးကြောင့် ပြည်တွင်းပဋိပက္ခများဖြစ်ပွားကာ နည်းလမ်းမျိုးစုံသုံး၍ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်လျက်ရှိကြသည်။ ထိုသို့ဆောင်ရွက်ရာ၌ နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား နားလည်သိရှိထားရန်လိုအပ်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အခြေခံပုံစံ( Peace Process Structure) တွင်အောက်ပါအတိုင်း အပိုင်း(၄)ပိုင်းရှိပါသည်-

(က) အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရန်ဆောင်ရွက်ခြင်း၊

(ခ) ငြိမ်းချမ်းရေးဆိုင်ရာဆွေးနွေးညှိနှိုင်းမှုမူဘောင်ရေးဆွဲခြင်း၊

---

[၅] ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ကိုယ်တိုင်ပါဝင်ခဲ့သူများ၏သုံးသပ်ချက်များ။ရန်ကုန်။နန်းတော်ဝင်ပုံနှိပ်တိုက်။ ၂၀၁၆။စာ ၁၈ + ၁၉

(ဂ) စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း၊

(ဃ) လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။[၆]

၁၀။ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားပါက ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရန်ခက်ခဲပါသည်။ နိုင်ငံတော်အစိုးရအားဆန့်ကျင်နေသော လက်နက်ကိုင်အဖွဲ့အား အမြစ်ပြတ်ချေမှုန်းဖျက်သိမ်းခြင်းနှင့် စေ့စပ်ဆွေးနွေးကာ လက်နက်ဖြုတ်သိမ်းခြင်း (Disarmament)၊ တပ်ဖွဲ့များအားဖျက်သိမ်းခြင်း(Demobilization) နှင့် ပြန်လည် ပေါင်းစည်းခြင်း(Reintegration) ဟူသော DDR လုပ်ငန်းစဉ်၊ သို့မဟုတ် လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း (Security Sector Reform) လုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန် အရေးကြီးပါသည်။[၇]

**DDR လုပ်ငန်းစဉ် (DDR Process)**

၁၁။ DDR လုပ်ငန်းစဉ်သည် လက်နက်ကိုင်အုပ်စုများထံမှ လက်နက်ဖြုတ်သိမ်းပြီး လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအား သာမန်လူ့အဖွဲ့အစည်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ လာစေရန်နှင့် အဆိုပါလက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်လာစေရေးဆိုသည့် လုပ်ငန်းစဉ်များပါဝင်သည်။

၁၂။ ၂၀၀၆ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂသည် DDR လုပ်ငန်းလက်စွဲစာစောင်အား ထုတ်ဝေခဲ့ပြီး DDR လုပ်ငန်းစဉ်ပါဝင်သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် နှစ်ဘက်စလုံးမှယုံကြည်မှုတည်ဆောက်ရေး၊ DDR လုပ်ငန်းစဉ်အား လိုလားစွာ အကောင်အထည်ဖော်နိုင်ရေးနှင့် အနိမ့်ဆုံးသောလုံခြုံရေးဆိုင်ရာအာမခံချက်ထားရှိနိုင်ရေး ကဏ္ဍများပါဝင်သည်။

[၆] မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၊ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်းသိကောင်းစရာများ။ရန်ကုန်၊၂၀၁၄၊စာ-၇

[၇] စစ်ဦးစီပြပေဒေချုပ်ရုံး။ငြိမ်းချမ်းရေးကြိုးပမ်းမှုနှင့် DDRလုပ်ငန်းစဉ်။နေပြည်တော်၊စက်တင်ဘာ ၂၀၁၅။၈

၁၃။ DDRလုပ်ငန်းစဉ်သည် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်တွင်ပါဝင်သည့် အောက်ပါအချက်(၃)ချက်အား အထောက်အကူပြုပေးပါသည်-

(က) **ညှိနှိုင်းရေးအထောက်အကူပေးခြင်း**။ ကျွမ်းကျင်ပညာရှင်များ အထောက်အကူပြုခြင်း၊ သဘောတူညီချက်မူကြမ်းများအား ပြန်လည်သုံးသပ်ပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်း၊

(ခ) **သုံးသပ်ခြင်း**။ လက်နက်ကိုင်အုပ်စုများ စေ့စပ်ညှိနှိုင်းရေးတွင် ပါဝင်လာနိုင်ရေးအတွက် လမ်းပြမြေပုံများရေးဆွဲပေးခြင်း၊

(ဂ) **စွမ်းရည်မြှင့်တင်ခြင်း**။ စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များတွင် ထိရောက်စွာပါဝင်နိုင်ရေး အဖွဲ့အစည်းများအားလုံးကို အထောက်အကူပေးခြင်း။[၉]

၁၄။ DDR လုပ်ငန်းစဉ်များသည် နှစ်ဖက်တင်းမာနေသော တပ်ဖွဲ့များအကြား ကနဦးစေ့စပ်ညှိနှိုင်းရေးအဆင့်မှသည် ရေရှည်လုပ်ငန်းစဉ်များအတွက် အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ တီမောနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်တွင် DDR လုပ်ငန်းစဉ်သည် ကနဦးဆွေးနွေးသည့်အဆင့်မှ ငြိမ်းချမ်းရေးထိန်းသိမ်းမှုအဆင့်ထိ လုပ်ငန်းစဉ်များတွင်ပါဝင်ခဲ့ပါသည်။

၁၅။ စေ့စပ်ဆွေးနွေးကာ လက်နက်ဖြုတ်သိမ်းခြင်း(Disarmament) အဆင့်တွင် လက်နက်ကိုင်အဖွဲ့များနှင့် ပြည်သူများအကြားပျံ့နှံ့နေသော လက်နက်ကြီး၊ လက်နက်ငယ်၊ ခဲယမ်းများ၊ ပေါက်ကွဲစေတတ်သောပစ္စည်းများအား စာရင်းပြုစုခြင်း၊ စုစည်းခြင်း၊ ထိန်းချုပ်ခြင်းနှင့် ဖျက်ဆီးခြင်းလုပ်ငန်းစဉ်များပါဝင်သည်။

၁၆။ တပ်ဖွဲ့များအားဖျက်သိမ်းခြင်း(Demobilization) အဆင့်တွင် လက်နက်ကိုင်အုပ်စုများအား တရားဝင်ဖြစ်စေခြင်း၊ သို့မဟုတ် အစိုးရ၏ထိန်းချုပ်မှုအောက်ထားရှိခြင်းနှင့် တပ်ဖွဲ့ဝင်ဟောင်းများအား ရေတိုအထောက်အပံ့အကူအညီများပေးခြင်း လုပ်ငန်းစဉ်များပါဝင်သည်။

---

[၉] https://peacekeeping.un.org/en/disarmament-demobilization-and-reintegration (Access Date 6.8.2018)

၁၇။ ပြန်လည်ပေါင်းစည်းခြင်း(Reintegration)တွင် လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအား သာမန်ပြည်သူတစ်ဦးအဖြစ် ရပ်တည်နိုင်ရေးအတွက် အလုပ်အကိုင်နှင့်ဝင်ငွေရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး အထောက်အပံ့အကူအညီများ ဆောင်ရွက်ပေးသွားရမည့် ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ယေဘုယျအားဖြင့် DDR လုပ်ငန်းစဉ်အား အောက်ပါအတိုင်း အကြမ်းဖျင်းအားဖြင့် သတ်မှတ်နိုင်သည်-

(က) လက်နက်ဖြုတ်သိမ်းခြင်း၊

(ခ) လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအား စစ်နှင့်သက်ဆိုင်သည့် အသိုက်အဝန်းမှ ကင်းလွတ်စေခြင်း၊

(ဂ) လူမှုရေးနှင့်စီးပွားရေးအထောက်အကူပြုပေးမှုဖြင့် လူ့အဖွဲ့အစည်းသို့ ပြန်လည်ဝင်ဆံ့စေခြင်း။[၉]

၁၈။ DDR လုပ်ငန်းစဉ်များသည် နိုင်ငံရေးအပေါ်တည်မှီနေပြီး လက်နက်ကိုင်ထားမှုအပေါ်မူတည်၍ ရရှိထားသည့်အခွင့်အာဏာကို လက်နက်ကိုင်အဖွဲ့အစည်းများမှစွန့်လွှတ်ပြီး နိုင်ငံ၏အနာဂတ်နိုင်ငံရေးအပေါ်တွင် အဖွဲ့အစည်းအားလုံး၏ခိုင်မာသော သဘောတူညီမှုတစ်ရပ်လိုအပ်သည်။ ဘက်ပေါင်းစုံမှအဖွဲ့အစည်းများကလည်း ထိုသို့သဘောတူညီပြီး နိုင်ငံရေးစနစ်အပေါ် အားလုံးမှသက်ဝင်ယုံကြည်ရန်လိုအပ်ကာ မည်သည့်အပြောင်းအလဲမဆို ၎င်းတို့၏ရေရှည်အကျိုးအတွက်ဖြစ်ကြောင်း အာမခံပေးရန်လိုအပ်သည်။ [၁၀]

၁၉။ DDR လုပ်ငန်းစဉ်သည် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးအား အထောက်အကူပြုပေးနိုင်ရုံမျှမက နိုင်ငံရေးနှင့်လူမှုရေးပြန်လည်ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကိုပါ အထောက်အကူရရှိစေပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရန်အတွက် အဖွဲ့အစည်းများအကြား ယုံကြည်မှုတည်ဆောက်နိုင်ရန် အရေးကြီးပါသည်။ DDR လုပ်ငန်းစဉ်တွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါသည်-[၁၁]

---

[၉] https://unamid.unmissions.org/disarmament-demobilization-and-reintegration-ddr (Access date 6.8.2018)

[၁၀] Kim Jolliffe ၊ မြန်မာနိုင်ငံတွင်လုံခြုံရေးကဏ္ဍပေါင်းစည်းရေး၊ Safe World၊ ၂၀၁၇၊စာ ၄၄

[၁၁] Nicole Ball, Disarmament, Demobilized and Reintegration, Netherland Institute of International Relations, 2006, စာ - 4

(က) လက်နက်ကိုင်အဖွဲ့အစည်းများထံမှ လက်နက်ရုပ်သိမ်းရန်နှင့် ၎င်းတို့၏ ကွပ်ကဲမှုယန္တရားအားရုတ်သိမ်းရန် လုပ်ငန်းစီမံချက်ချမှတ်ခြင်း၊

(ခ) လက်နက်ကိုင်အုပ်စုများထံမှ လက်နက်ဖြုတ်သိမ်းရာတွင် လက်နက်ချ သုံ့ပန်းများအသွင် မသက်ရောက်စေရန် ဆောင်ရွက်ခြင်း၊

(ဂ) ယခင်လက်နက်ကိုင်ရန်သူဟောင်းများအကြား ယုံကြည်မှုတည်ဆောက် နိုင်ရေးအတွက် နိုင်ငံရေးတွင်ပါဝင်ခွင့်၊ တပ်ဖွဲ့များပေါင်းစည်းခြင်း၊ အမျိုးသားရင်ကြားစေ့ရေးနှင့် စီးပွားရေးအထောက်အပံ့များ ဆောင်ရွက် ပေးခြင်း၊

(ဃ) အပြောင်းအလဲကာလတွင် လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအနေဖြင့် နေသားတကျရှိစေရန်နှင့် ပြည်သူတစ်ဦးအနေဖြင့်ရပ်တည်နိုင်ရန် အထောက် အပံ့ပေးခြင်း၊

(င) လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများဘဝ ရပ်တည်နိုင်ရေးအတွက် ကာလတို ကူညီထောက်ပံ့မှုများပေးခြင်း၊

(စ) လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများ၏ အမူအကျင့်ဟောင်းများကို ပြုပြင် ပြောင်းလဲစေရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခြင်း။

၂၀။ DDRလုပ်ငန်းစဉ်အား အဆင့်(၅)ဆင့်ဖြင့် ပိုင်းခြားသတ်မှတ်ထားပြီး ထိုအဆင့် များမှာ လက်နက်ဖြုတ်သိမ်းခြင်း၊ စုစည်းခြင်း၊ တရားစွဲဆိုထားမှုများအားရုပ်သိမ်းခြင်း၊ ကာလတိုနှင့်ကာလလတ်ပံ့ပိုးကူညီခြင်း၊ ကာလရှည်ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များ ဖြစ်ကြပါသည်။ အဆိုပါလုပ်ငန်းစဉ်များကို DDR+Rဟုသတ်မှတ်ပြီး ပုံ(၁) ဖြင့် ဖော်ပြထား ပါသည်-

## DDR+R




**ပုံ(၁) DDR+R လုပ်ငန်းစဉ်ပြပုံ**[၁၂]

၂၁။ လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံအလိုက် အမျိုးမျိုးကွဲပြားသည့်အားလျော်စွာ DDRလုပ်ငန်းစဉ်များသည်လည်း ကွဲပြားခြားနားမှုများရှိနိုင်ပါသည်။ အခြေခံအားဖြင့် ဖြစ်နိုင်ဖွယ်ရှိသော DDR အချိန်ဇယားလုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အပစ်အခတ်ရပ်စဲခြင်း၊

(ခ) နိုင်ငံရေးဆိုင်ရာမှုဘောင်သဘောတူညီချက်၊

(ဂ) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် DDR၏ အခန်းကဏ္ဍ၊

(ဃ) DDR အဆင့်အတွက်စီမံဆောင်ရွက်ရမည့် Code of Conduct၊

(င) လုံခြုံရေး၊ လူသားချင်းစာနာထောက်ထားရေးနှင့် ငြိမ်းချမ်းရေးနယ်မြေများပိုင်းခြားသတ်မှတ်ခြင်း၊

(စ) အပစ်အခတ်ရပ်စဲရေးအားကြီးကြပ်ခြင်းလုပ်ငန်းယန္တရား၊

(ဆ) သဘောတူညီမှုဖောက်ဖျက်ခြင်းအတွက် အရေးယူမှုလုပ်ငန်းယန္တရား၊

(ဇ) လက်နက်ကိုင်အုပ်စုများကိုခွဲခြားထားခြင်း၊

(ဈ) ဖမ်းဆီးထိမ်းသိမ်းခြင်းဆိုင်ရာအမိန့်များအားရုပ်သိမ်းခြင်း၊

(ည) တပ်နေရာချထားမှုအား သဘောတူညီမှုရယူခြင်း၊

---

[၁၂] Nicole Ball, Disarmament, Demobilized and Reintegration, Netherland Institute of International Relations, 2006, စာ -2

(ဋ) သဘောတူညီထားသည့်နေရာများတွင် လက်နက်ကိုင်တပ်ဖွဲ့များနှင့် မိသားစုဝင်များအားနေရာချထားခြင်း၊

(ဌ) သဘောတူညီချက်အတိုင်း လက်နက်များကိုသိမ်းဆည်းခြင်း၊

(ဍ) လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊

(ဎ) လုံခြုံရေးအာမခံချက်၊

(ဏ) လက်နက်ဖြုတ်သိမ်းခြင်း၊

(တ) လက်နက်များစုစည်းခြင်း/ ဖျက်ဆီးခြင်း၊

(ထ) တပ်ဖွဲ့ဝင်များနုတ်ထွက်ခြင်း၊

(ဒ) တပ်မတော်နှင့်ရဲတပ်ဖွဲ့များတွင်ပေါင်းစည်းခြင်း၊

(ဓ) ထောက်ပံ့ဖြည့်ဆည်းပေးခြင်း/ ပြန်လည်နေရာချထားခြင်း၊

(န) စစ်ပွဲလွန်ကာလပြန်လည်ထူထောင်ရေး။

၂၂။ DDRအတွက်အာမခံချက်ရရှိနိုင်မည့် ကနဦးသဘောတူညီချက်များကို ညှိနှိုင်းဆွေးနွေးရာတွင် အောက်ပါအချက်များ ပါဝင်ရန်လိုအပ်ပါသည်-

(က) လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ဆက်လက်လက်နက်ကိုင်ဆောင်ခွင့်၊ သို့မဟုတ် မည်ကဲ့သို့ကန့်သတ်ထိန်းချုပ်မည်၊ လျှော့ချမည်၊

(ခ) အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် ပူးတွဲစောင့်ကြည့်ရေးကော်မတီဖွဲ့စည်းပြီးချိန် ဆောင်ရွက်ရမည့်အချက်များ၊

(ဂ) လက်နက်များအား သတ်မှတ်နေရာတွင်ထားရှိရန်၊

(ဃ) လူ၊ လက်နက်အင်အားတိုးချဲ့ခြင်းမပြုရန်၊

(င) သတ်မှတ်နယ်မြေပြင်ပတွင် လက်နက်ကိုင်ဆောင်ခြင်းမပြုရန်။

**DDRလုပ်ငန်းစဉ်အပေါ်စောင့်ကြည့်အကဲဖြတ်ခြင်း**

၂၃။ DDRလုပ်ငန်းစဉ်အပေါ်စောင့်ကြည့်အကဲဖြတ်ခြင်းအား အများအားဖြင့် ပြည်တွင်းမှာပင် စတင်ဆောင်ရွက်လေ့ရှိပြီး ပြည်ပမှ သီးခြားလွတ်လပ်သောအဖွဲ့အစည်းများလည်း

ပါဝင်နိုင်ပါသည်။ စောင့်ကြည့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်မူဘောင်ရေးဆွဲရာ၌ ပဋိပက္ခတွင် ပါဝင်သည့်လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများ၏ ဓလေ့အမူအကျင့်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ အဆိုပါအချက်သည် စောင့်ကြည့်အကဲဖြတ်မှုလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုနှင့် စောင့်ကြည့်အကဲဖြတ်ခံအုပ်စုများအပေါ် အကျိုးသက်ရောက်မှုများပြားပါသည်။ စောင့်ကြည့်ခြင်းဆိုသည်မှာ လုပ်ငန်းစဉ်တစ်လျှောက်လုံးအား စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်းဖြစ်ပြီး အကဲဖြတ်ခြင်းသည် လုပ်ငန်းစဉ်၏ရလဒ်အပေါ်သုံးသပ်ခြင်းဖြစ်သည်။ စောင့်ကြည့်အကဲဖြတ်ခြင်းမူဘောင်ရေးဆွဲရာတွင် အောက်ပါပုံ(၂) အတိုင်း အဆင့်(၇)ဆင့်ဖြင့်ဆောင်ရွက်နိုင်ပါသည်-[၁၄]

အဆင့် (၁) ဖြစ်နိုင်ချေရလဒ်အား ဖော်ထုတ်ခြင်း

အဆင့် (၂) စောင့်ကြည့်အကဲဖြတ်မည့် နယ်ပယ်သတ်မှတ်ခြင်း

အဆင့် (၃) စောင့်ကြည့်ထိန်းညှိခြင်း မဟာဗျူဟာရေးဆွဲခြင်း

အဆင့်(၄) ညွှန်းကိန်းများသတ်မှတ်ခြင်း

အဆင့် (၅) အခြေခံညွှန်းကိန်းများနှင့် စောင့်ကြည့်အကဲဖြတ်ရမည့်နယ်ပယ်အား သဘောတူညီမှုရယူခြင်း

အဆင့် (၆) စီမံချက်တွင် အားလုံးပူးပေါင်းပါဝင်ခြင်း

အဆင့် (၇) လုပ်ငန်းစွမ်းရည်၊ အခြေအနေများနှင့် ဘတ်ဂျက်လိုအပ်ချက်အား သုံးသပ်ခြင်း

**ပုံ(၂)စောင့်ကြည့်အကဲဖြတ်ခြင်းမူဘောင်အဆင့်များ**

[၁၄] UNDP, How to Guide, monitoring and evaluation for DDR,2009,စာ - 7 + 8

**လုံခြုံရေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲခြင်း (Security Sector Reform-SSR)**

၂၄။ လုံခြုံရေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲခြင်း (Security Sector Reform-SSR) ဆိုသည်မှာ ပဋိပက္ခအလွန်ကာလများတွင် နိုင်ငံတော်လုံခြုံရေးကို တာဝန်ယူဆောင်ရွက်နေရသောအဖွဲ့အစည်းများသည် ဒီမိုကရက်တစ်နည်းလမ်းဖြင့်တင်မြှောက်ထားသည့် အစိုးရ၏ ထိန်းချုပ်မှုဖြင့် လုံခြုံရေးကဏ္ဍပိုမိုထိရောက်စေရန် လိုအပ်သောပြုပြင်ပြောင်းလဲပြင်ဆင်မှုများကိုဆိုလိုသည်။

၂၅။ SSR၏အဓိကရည်မှန်းချက်မှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ အစိုးရ၏ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တည်ဆောက်မှု၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် လုံခြုံချောမွေ့စေရေးတို့ဖြစ်သည်။ SSR လုပ်ငန်းစဉ်ဖော်ဆောင်ရာတွင် အစဉ်အလာအားဖြင့် အစိုးရမှဦးဆောင်ပြီး ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကြပါသည်။ အဓိကအားဖြင့် လုပ်ငန်းစဉ်တွင် လုံခြုံရေးကဏ္ဍ၏ အဓိကတာဝန်ရှိအဖွဲ့အစည်းများဖြစ်သည့် တပ်မတော်၊ ရဲတပ်ဖွဲ့၊ ထောက်လှမ်းရေးအဖွဲ့အစည်းများ၊ နယ်ခြားစောင့်တပ်ဖွဲ့များ၊ တရားဥပဒေရေးရာအဖွဲ့အစည်းများနှင့် အစိုးရလက်အောက်ခံမဟုတ်သောအုပ်စုများ (ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများ၊ အခြားလက်နက်ကိုင်အဖွဲ့ အစည်းများ) ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

၂၆။ SSR လုပ်ငန်းစဉ်ဖော်ဆောင်ရာတွင် ပါဝင်သင့်သည့်အစိတ်အပိုင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **အမြဲတမ်းလုံခြုံရေးအဖွဲ့အစည်းများ**။ တပ်မတော်၊ ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များ၊ နယ်ခြားစောင့်တပ်ဖွဲ့များ၊ ကမ်းခြေစောင့်တပ်ဖွဲ့များ၊

(ခ) **စီမံခန့်ခွဲရေးအဖွဲ့အစည်းများ**။ အစိုးရအဖွဲ့၊ လုံခြုံရေးဆိုင်ရာအကြံပေးအဖွဲ့အစည်းများ၊ **လွှတ်တော်ကော်မတီများ**၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေး

ဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လုံခြုံရေးနှင့်ဆက်နွယ်သော အရပ်ဖက်ကုမ္ပဏီများ၊

(ဂ) **တရားဥပဒေရေးရာအဖွဲ့အစည်းများ**။ တရားရုံးများ၊ အကျဉ်းထောင်များ၊ လူ့အခွင့်အရေးကော်မရှင်၊ တိုင်ကြားစာလက်ခံရေးဌာနများ၊

(ဃ) **အစိုးရလက်အောက်ခံမဟုတ်သောလက်နက်ကိုင်များ**။ လွတ်မြောက်ရေးလက်နက်ကိုင်များ၊ ပြောက်ကျားတပ်ဖွဲ့များ၊ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများ။[၁၄]

၂၇။ SSR လုပ်ငန်းစဉ်၏အရေးအကြီးဆုံးရည်မှန်းချက်မှာ ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲစေရန်နှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖော်ဆောင်နိုင်ရေး ရေတို/ ရေရှည်လုပ်ငန်းစဉ်များချမှတ်ရန်ဖြစ်သည်။ ရေတိုလုပ်ငန်းစဉ်တွင် အောက်ပါအချက်များသည် အရေးကြီးသောအချက်များဖြစ်သည်-

(က) လက်နက်ကိုင်အဖွဲ့များပြန်လည်မဖွဲ့စည်းစေရန်နှင့် ငြိမ်းချမ်းရေးကိုမထိခိုက်စေရန်အတွက် အာမခံချက်ရယူရန်၊

(ခ) လာဘ်ပေးလာဘ်ယူ၊ အကျင့်ပျက်ခြစားမှုများမရှိစေရန်၊

(ဂ) ဦးဆောင်သူများအပါအဝင် လုပ်ငန်းစဉ်တွင်ပါဝင်သည့် အစိတ်အပိုင်းအသီးသီးသည် တာဝန်ယူမှုနှင့်တရားဝင်မှုအပြည့်အဝရှိရမည်ဖြစ်ပြီး ပြည်သူလူထုမှယုံကြည်မှုရရှိစေရန် ဆောင်ရွက်ရန်။

၂၈။ ရေရှည်လုပ်ငန်းစဉ်တွင် အဓိကထားဆောင်ရွက်ရမည့်အချက်များအနေဖြင့်အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံရေးအရ လုံခြုံရေးအဖွဲ့အစည်းများအားလုံးသည် အရပ်သားအစိုးရ၏ကွပ်ကဲမှုအောက်တွင်ထားရှိခြင်း၊

(ခ) လုံခြုံရေးအဖွဲ့အစည်းများ၏ရုပ်ဝတ္ထုပိုင်းနှင့်နည်းစနစ်ပိုင်း ပြုပြင်ပြောင်းလဲခြင်း၊

---

[၁၄] http://africansecuritynetwork.org/assn/what-is-security-sector-reform/ (Access Date 7.9.2018)

(ဂ) စီးပွားရေးပိုင်းဆိုင်ရာအနေဖြင့် တပ်ဖွဲ့များ၏ငွေကြေးဘတ်ဂျက်ပိုင်းဆိုင်ရာပြောင်းလဲခြင်း၊

(ဃ) လုံခြုံရေးဆိုင်ရာမူဝါဒများအား အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။[၁၅]

၂၉။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင်ပြုလုပ်ခဲ့သော ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် (၂၁၅၁)တွင် လုံခြုံရေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ အောက်ပါအတိုင်း လုပ်ငန်းစဉ်များချမှတ်ထားသည်-

(က) တရားရေးမဏ္ဍိုင်တည်ဆောက်ခြင်း၊

(ခ) တရားမဝင်အဖွဲ့အစည်းများ၏လက်နက်များဖျက်သိမ်းခြင်း၊

(ဂ) လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအား လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်နေရာချထားခြင်း၊

(ဃ) လက်နက်ထိန်းချုပ်ခြင်း၊

(င) အဂတိလိုက်စားမှုနှင့်ဒုစရိုက်ဂိုဏ်းများအားနှိမ်နင်းခြင်း၊

(စ) အမျိုးသမီးနှင့်ကလေးသူငယ်များအားကာကွယ်ပေးခြင်း။[၁၆]

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်မှုအပေါ်သုံးသပ်ချက်များ**

၃၀။ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများကို ဆောင်ရွက်သည့်အခါတွင် နိုင်ငံရေးသဘောတူညီချက်များရရှိရန် လိုအပ်သကဲ့သို့ ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် ၄င်းတို့၏ လိုလားချက်များအား ညှိနှိုင်းပေးရသည်မှာ အချိန်ယူရပါသည်။ သာမန်တည်ဆောက်ရေးစီမံကိန်းများကဲ့သို့ လုပ်ငန်းစဉ်အလိုက်ဆောင်ရွက်ရန်မဖြစ်နိုင်ပေ။ ထို့ကြောင့် ဒေသခံပြည်သူတို့၏ လိုအပ်ချက်များကိုဖြေရှင်းရာတွင် အလှူရှင်၊ သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးအစိုးရ၊ သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြားတွင် သုံးပွင့်ဆိုင်အစည်းဝေးများသည် အလွန်အရေးပါသကဲ့သို့ ၄င်းတို့ပြောဆိုသည့် အကြောင်းအရာများအား

[၁၅] http://www.inclusivesecurity.org/wp-content/uploads/2012/04/46_security_sector_reform.pdf (Access Date 7.9.2018)

[၁၆] https://issat.dcaf.ch/Learn/Training-Courses/Other-ISSAT-facilitated-SSR-modules/Monday-02-November-2015/UNSCR-2151-2014-Security-Sector-Reform (Access Date 7.9.2018)

ခေါင်းစဉ်တစ်ခုတည်းဖြစ်ရန် ညှိနှိုင်းပေးဖို့လိုအပ်ပါသည်။ ဒေသတွင်းတွင်ရှိသော အစိုးရမဟုတ်သောအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများအပါအဝင် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများရှိမှသာ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်သည် အမှန်တကယ်အသက်ဝင်၍ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနအမှုဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးလှိုင်မှ သုံးသပ်ပြောကြားထားပါသည်။[၁၇]

၃၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်လေ့လာမှုများ၊ ပြင်ဆင်မှုများနှင့် ဖွဲ့စည်းမှုများဖြစ်သည့် Institutionalization ဟုခေါ်ဆိုရမည့် ဖွဲ့စည်းမှုဘောင်သွင်းခြင်းလုပ်ငန်းစဉ်ကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်ပျက်ပြားမသွားစေရန် ကျားကန်ပေးခဲ့သည့် အဓိကအကျဆုံးအချက်မှာ ဆွေးနွေးဖက်တစ်ဦးချင်းစီတွင်ရှိသည့် ငြိမ်းချမ်းရေးလိုလားသည့် စိတ်ရင်းစေတနာမှန်ကန်ခိုင်မာမှုရှိရမည်ဟု မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန အထူးအကြံပေး (အဖွဲ့ခေါင်းဆောင်) ဦးတင်မောင်သန်းက သုံးသပ်ပြောကြားထားပါသည်။[၁၈]

၃၂။ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရာ၌ နိုင်ငံတကာအတွေ့အကြုံနှိုင်းယှဉ်ချက်များအားလေ့လာကြည့်ပါက အမျိုးသားငြိမ်းချမ်းရေးသဘောတူညီချက်များအသက်ဝင်၍ သက်ရောက်မှုရှိရန်နှင့် သဘောတူညီချက်တွင်ပါဝင်သော ရည်မှန်းချက် (၇၅) ရာခိုင်နှုန်းမှ (၈၀) ရာခိုင်နှုန်းခန့်အထိ အောင်မြင်ရန်မှာ နှစ်ပေါင်း ၂၅ နှစ်နှင့် ၃၀ နှစ်အထိ အချိန်ယူရပါသည်။ အခြားအဓိကကျသောအကြောင်းအရင်းများမှာ လူထုကိုလည်း ပထမဗဟိုပြုထားရန်ဖြစ်ပါသည်။ စစ်ပွဲများနှင့်ပဋိပက္ခများအားလုံးသည် လူထုနှင့်ပတ်သက်မှုများချည်းသာဖြစ်သည်။ စစ်ပွဲတစ်ပွဲကို ဆင်နွှဲရန်မှာ နိုင်ငံရေးဆုံးဖြတ်ချက်ပင်ဖြစ်သည်။ ထို့အတူ စစ်ပွဲကိုရပ်တန့်ရန်နှင့်ကာကွယ်တားဆီးရန်သည်လည်း နိုင်ငံရေးဆုံးဖြတ်ချက်ပင်ဖြစ်သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်အဆင့်တိုင်း၌ လူထုလိုအပ်ချက်ကိုပဓာနထားသော၊ မိမိ၏ကိုယ်ကျိုးထက် လူထု

---

[၁၇] ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ကိုယ်တိုင်ပါဝင်ခဲ့သူများ၏ သုံးသပ်ချက်များ၊ ဦးကျော်စိုးလှိုင်၊ နန်းတော်ဝင်ပုံနှိပ်တိုက် ၂၀၁၆ခုနှစ်၊ မတ်လ၊ စာမျက်နှာ-၁၉၇
[၁၈] ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ကိုယ်တိုင်ပါဝင်ခဲ့သူများ၏ သုံးသပ်ချက်များ၊ ဦးကျော်စိုးလှိုင်၊ နန်းတော်ဝင်ပုံနှိပ်တိုက် ၂၀၁၆ခုနှစ်၊ မတ်လ၊ စာမျက်နှာ-၁၅၉

အကျိုးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်ပေးခြင်းသည် ပိုအရေးကြီးသည်ဟု အသိအမှတ်ပြုရဲသည့်၊ သတ္တိရှိသော၊ အားကောင်းသည့်ခေါင်းဆောင်များ လိုအပ်လျက်ရှိပါသည်။ ထို့အပြင် လူမှုအသိုက်အဝန်းအတွင်းတွင်ရှိသောအရာများအားလုံးကိုလည်း အသုံးချနိုင်ရန်လိုအပ်ပါသည်။ ထိုအရာများမှာ သက်ကြီးရွယ်အိုများ၏ဘဝအတွေ့အကြုံများ၊ ဉာဏ်ပညာများ၊ လူငယ်များ၏စိတ်အားထက်သန်မှုနှင့် တီထွင်ဆန်းသစ်လိုမှုများ၊ အမျိုးသမီးများ၏ အတွေးအမြင်ရှုထောင့်များ၊ အသိအမှတ်ပြုခြင်းမခံရသည့်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံ အရပ်ဖက် NGO များဖြစ်ပါသည်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် ရေရှည်အနာဂတ်နှင့် ငြိမ်းချမ်းရေးအတွက် လုံခြုံရေးကဏ္ဍသည်လည်း အဓိကကျပါသည်။ ပိုမိုကောင်းမွန်သော ငြိမ်းချမ်းရေးတစ်ခုဖြစ်ရန် အဓိကဆုံးဖြတ်ချက်များ ချမှတ်နိုင်သူများအတွက် အချိန်မီ ဆုံးဖြတ်ချက်များချနိုင်ရန်ရည်ရွယ်၍ ငြိမ်းချမ်းရေးဖော်ဆောင်နေသောယန္တရားများကို ပြန်လည် သုံးသပ်ခြင်းများပြုလုပ်ရပါမည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး (ရန်လို တိုက်ခိုက်မှုများရပ်စဲရေး)၊ ပြည်ထောင်စုအတွင်းပေါင်းစည်းစေရေး၊ ပြည်ထောင်စုနှင့် ပြည်နယ်များအတွင်းတွင် ပုံမှန်အခြေအနေများတည်ဆောက်ဖန်တီးပေးရေးနှင့် လူနည်းစု အတွက်မဟုတ်ဘဲ လူအများအတွက် ရေရှည်တိုးတက်ဖွံ့ဖြိုးရေးကိုဦးတည်သွားစေမည့် ရှင်းလင်း တိကျသောစီးပွားရေးမဟာဗျူဟာကို ဖော်ဆောင်ရေးစသည့်ကိစ္စရပ်များကို ဆောင်ရွက်သွား ရမည်ဖြစ်ပါသည်။ Nationwide Ceasefire Agreement (NCA)အား အကောင်အထည် ဖော်ဆောင်နိုင်ရန်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်စောင့်ကြည့်ရေးကို ပိုမိုအား ကောင်းအောင် ပြုလုပ်ရန်လိုအပ်ပါသည်။ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးကို ရှင်းလင်းစွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် လက်ရှိလုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး အုပ်စုအနေဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းတာဝန်များနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာအခြေခံမူများကို ချမှတ်ပေးရန်ဖြစ်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတကာ၏စည်းမျဉ်းနှင့် ကိုက်ညီသောစနစ်ကို ထည့်သွင်းစဉ်းစားရန်လိုအပ်သကဲ့သို့ ပိုမိုကျယ်ပြန့်ပြီး လူမှုအသိုက်

အဝန်းအတွင်းမှ သင့်တော်မျှတသော ကောင်းမွန်စွာလည်ပတ်နိုင်သည့် လုံခြုံရေးစနစ်နှင့် လူသားလုံခြုံရေးတို့အတွက် အကောင်အထည်ဖော်သည့်အခါ နိုင်ငံတကာ၏ပံ့ပိုးကူညီနိုင်မှုများကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်ဟု (၂၆.၁၀.၂၀၁၈)ရက်နေ့၌ တောင်ကြီးမြို့တွင် ပြုလုပ်ခဲ့သည့် "လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး" နိုင်ငံရေးဆိုင်ရာဟောပြောပွဲတွင် Brigadier Ian Rigden က သုံးသပ်ပြောကြားခဲ့ပါသည်။[၁၉]

## နိဂုံး

၃၃။ လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းလိုလျှင် ခေါင်းဆောင်များနှင့် ဆွေးနွေးသဘောတူညီချက်ရရှိရုံသာမက နောက်လိုက်ငယ်သားတို့၏ ပဋိပက္ခအလွန်စားဝတ်နေရေးနှင့် လူနေမှုဘဝရပ်တည်ရေးတို့ကိုပါ ဖန်တီးပေးရမည်ဖြစ်သည်။ သို့မဟုတ်ပါက နောက်လိုက်များအနေဖြင့် လက်နက်ကိုင်လုပ်ငန်းစဉ်ကိုသာ တတ်သိနားလည်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၎င်းတို့အတွက်မဟုတ်ဟုနားလည်သဘောပေါက်နေလျှင် ထိုလက်နက်ကိုင်လုပ်ငန်းစဉ်သာ ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်သည်။ ထို့ကြောင့် DDR/SSR လုပ်ငန်းစဉ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အခက်ခဲဆုံးအစိတ်အပိုင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရာ၌ လက်နက်ဖြုတ်သိမ်းပြီးသောလက်နက်ကိုင်အဖွဲ့ဝင်ဟောင်းများအနေဖြင့် ဤလုပ်ငန်းစဉ်တွင်ပူးပေါင်းပါဝင်ရန်လိုအပ်သကဲ့သို့ လုံခြုံရေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲခြင်းများလည်း လုပ်ဆောင်သွားရန်လိုအပ်ပါသည်။ ထို့ပြင် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကိုတည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံးပါဝင်လာခြင်းမှ တစ်ဆင့် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးရေး

---

[၁၉] Brigadier Ian Rigden- Humanitarian Dialogue (HD)၊ 26၊ အောက်တိုဘာလ2018ခုနှစ်၊ နိုင်ငံရေးဆိုင်ရာဟောပြောပွဲအစီအစဉ်၊ ခေါင်းစဉ်- လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေး၊

လမ်းကြောင်းများမှသည် မိမိတို့အလိုလားဆုံးဖြစ်သည့် ငြိမ်းချမ်းရေးဘုံရည်မှန်းချက်ပန်းတိုင်ကို လျှောက်လှမ်းနိုင်ကြမည်ဖြစ်ပါကြောင်း လေ့လာစုစည်းတင်ပြအပ်ပါသည်။